# ရာဇဝင်တွင် အဆဲခံမည့် နအဖ စစ်အစိုးရ

## ကြောက်ပြီးရင် ကြောက်နေသော အစိုးရ (သို့) တစ္ဆေမကြောက်သော မျက်ကန်းအစိုးရ

လူသာမန်တို့အနေဖြင့် ပကတိအနေအထားတွင် မကြောက်တတ်ပဲ မနေနိုင်ကြပါ။ ဟန်ဆောင်ကောင်းသဖြင့်သာ မသိရခြင်းဖြစ်သည်။ သံသရာမှ ကျွတ်တမ်းဝင်ရန် သေချာသွားသည့် ပုဂ္ဂိုလ်ထူးတို့ကလွဲလျှင် လူသားအားလုံးပင် တခုမဟုတ်တခုတွင် ကြောက်တတ်ကြသည်။

ကိုယ့်အတွက်ထိခိုက်လာမည်ဆိုလျှင် စိုးရိမ်ပူပန်စိတ်ရှိတတ်သည်။ ဒါကိုကြောက်သည်ဟု ခေါ်သည်။ တချို့က သူရဲကြောက်တတ်သည်။ တချို့က သေရမှာကို ကြောက်သည်။ အဖမ်းခံရမှာ ကြောက်သူလည်း ရှိသည်။ အနိုင်ကျင့် နှိပ်စက်ခံရမှာ ကြောက်သူလည်းရှိသည်။ ရေနစ်မှာ ကြောက်သည်။ ငရဲကျမှာ ကြောက်သည်။ အကြောက်တရားမျိုးစုံပင်။

အမှန်စင်စစ် ကြောက်တတ်သည် ဆိုခြင်းမှာ သူရဲကြောက်တတ်သူတဦးက မမြင်ရသေးသော သရဲကို စိတ်ကူးဖြင့် မှန်းဆပုံဖော်၍ ကြောက်သကဲ့သို့ ဖြစ်နေတတ်သည်။ သို့မဟုတ်လည်း အခြားသူတဦး ကြုံခဲ့ရသည်ကို သိရှိမြင်တွေ့လာ၍ "ငါ့အလှည့်များ ရောက်လာလေမလား" ဟု ကြိုတင် တွေးကြောက်နေတတ်ခြင်းမျိုးလည်း ဖြစ်သည်။ သို့တည်းမဟုတ် ယခင်က ကြုံတွေ့ခဲ့ဖူးသော အဖြစ်ဆိုးမျိုး နောက်တကြိမ် ပြန်လည် မခံစားလိုသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ပင် ဖြစ်စေ ကြောက်သင့်မှ ကြောက်ထိုက်သည်။ နအဖ စစ်အစိုးရအနေဖြင့် ကြောက်သင့်လျက် မကြောက်ပဲနေသည်ကို အံ့အားသင့်စွာ တွေ့နေရသည်။

နမူနာပြရလျှင် ပခုက္ကူမှ သံဃာတော်များကို ရိုင်းစိုင်းစွာ ပြောဆို ရိုက်နှက် ဖမ်းဆီး ချုပ်နှောင်သည့်ကိစ္စ ဖြစ်သည်။ ကံကြီးထိုက်မည်ကို ကြောက်သဖြင့် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် အဆိုပါ အပြုအမူမျိုးကို အထူး ရှောင်ကြဉ်ကြရသည်။ ဘုန်းကြီးကွလာလျှင် အရိပ်ကိုပင် မနင်းမိအောင် ရှောင်ရသည်။ ဘုန်းကြီးအရိပ်တွင်ပင် မထိုင်စကောင်း။ သည်မျှထိ ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတို့အပေါ်၌ လေးစားကြည်ညိုကြရသည်။

သို့သော် မြန်မာစစ်ခေါင်းဆောင်တို့ကား သံဃာတော်များကို ယခု အချိန်ထိ မတောင်းပန်ပဲ နေနေသေးသည်ကိုက ကံကြီးထိုက်မည်ကို မကြောက်တတ်သောကြောင့်ဟုသာ ဆိုရပေလိမ့်မည်။ ထိုသို့ မကြောက်တတ်သောကြောင့်လည်း သံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနကံဆောင်တော့မည့် အရေးကို လစ်လျူရှုရှုရဲနေခြင်းဖြစ်သည်။

ပတ္တနိက္ကုဇ္ဇနကံဆောင်သည့် အဓိပ္ပာယ်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစု အဖွဲ့ဝင် သံဃာသမဂ္ဂီအဖွဲ့ ဦးဆောင်ဆရာတော်ဖြစ်သော ရဟန်းတပါးက အဓိပ္ပာယ်ရှိသွားသည်ကို ပြည်ပ ရေဒီယို RFA မှ ကြားလိုက်ရသည်။ အဓိပ္ပာယ်မှာ ရဟန်းမဟုတ်သော လူပုဂ္ဂိုလ်တို့က

(၁) ရဟန်းတို့အား ပစ္စည်းလေးပါး (ဆွမ်း–ကွမ်း–သင်္ကန်း–ကျောင်း) မရအောင် လုပ်ခြင်း၊
(၂) ရဟန်းတို့အား ဘေးအန္တရာယ် ဖြစ်စေခြင်း၊
(၃) ရဟန်းတို့အား နေရာမရစိမ့်သောငှာ ကန့်သတ်ထိန်းကွပ် ချုပ်ချယ်ခြင်း၊
(၄) ရဟန်းတို့အား ကြိမ်းမောင်းဆူပူ ဆဲရေးတိုင်းထွာခြင်း၊
(၅) ရဟန်းတို့အား တပါးနှင့်တပါး စိတ်ဝမ်းကွဲပြားအောင် သင်းခွဲခြင်း၊
(၆) ဘုရားရှင်၏ ကျေးဇူးဂုဏ်တော်ကို ပျက်ပြယ်အောင် ကဲ့ရဲ့ပြောဆို ပြုမူခြင်း၊
(၇) ရဟန်းတို့၏ ကျေးဇူးဂုဏ်တော်ကို ပျက်ပြယ်အောင် ကဲ့ရဲ့ပြောဆို ပြုမူခြင်း၊

(၈) ဗုဒ္ဓတရားတော်၏ ကျေးဇူးဂုဏ်တော်ကို ပျက်ပြယ်အောင် ကဲ့ရဲ့ပြောဆိုပုံမှုခြင်း တို့ဖြစ်သည်ဟု အကြမ်းအားဖြင့် အမိန့်ရှိသွားသည်။

သိရမည့်ကိစ္စကို မသိပဲနေခြင်းသည် မောဟဖြစ်သည်။ ထိုမောဟကြောင့်ပင် လောဘရှိသည်ကို မတားဆီးနိုင်၊ ဒေါသဖြစ်သည်ကို မထိန်းချုပ်နိုင် ဖြစ်ရသည်။ သို့ဆိုလျှင် ထိုထိုသော နအဖ စစ်ခေါင်းဆောင်ကြီးတို့၌ လောဘ၊ ဒေါသ၊ မောဟ တရားဆိုးများ လွှမ်းမိုးနေသည်ဟု ဆိုသော် လွန်အံ့မထင်။ လောဘရှိနေသဖြင့် သူတို့လုပ်နိုင်စွမ်း မရှိတော့သော နိုင်ငံ့အရေးအရာကိစ္စဖြစ်သည့် နိုင်ငံအုပ်ချုပ်ပိုင်ခွင့်အာဏာကို မစွန့်နိုင်။ အခြားလုပ်နိုင်စွမ်းရှိသူ (တနည်းအားဖြင့် ပြည်သူလူထုက ထောက်ခံထားသူ)တို့အား မဝေမျှနိုင် ဖြစ်နေရသည်။ တဖန် ဒေါသရှိနေပြန်သဖြင့် သူတို့အား အံတုဆန့်ကျင်နေကြသည့် မည်သူ့ကိုမဆို ဒေါသအလျောက် ဖမ်းဆီးနှိပ်စက် ထောင်ချနေတော့သည်။ ဖိနှိပ်ချုပ်ချယ်နေတော့သည်။ ဥပဒေမဲ့ ထင်ရာစိုင်းနေတော့သည်။ ထို့ပြင် မောဟ လွှမ်းမိုးခံနေရပြန်သဖြင့် အခြေခံ သီလငါးပါးကိုမျှပင် စောင့်ထိန်းရကောင်းမှန်း မသိတော့။ မကောင်းတာ ပြုမိသမျှအတွက် သံသရာတွင် ဝဋ်ကြွေးလိုက်ပါလာနေသည်ကိုလည်း ဆင်ခြင်နိုင်စွမ်းမရှိပဲ ဖြစ်နေတော့သည်။

စစ်ခေါင်းဆောင်ကြီးတို့မှာ ကြောက်ရမည့်ကိစ္စ မကြောက်ရှုံသာမကသေး။ မကြောက်သင့်ပဲ ကြောက်နေသည်တို့ကလည်း အံ့အားသင့်ရလောက်အောင် အများအပြား ရှိနေပြန်သည်။ ဆိုခဲ့ပြီးသည့် မောဟကြောင့်ပင်။ နောင်လာနောက်သားတို့ ကြားသိရလျှင် အထင်အမြင်သေးစရာ သမိုင်းမှတ်တမ်းများ ကျန်ရစ်တော့မည်မှာ သေချာနေသည်။ လက်ရှိ စစ်အာဏာရှင် ခေါင်းဆောင်ကြီးများ ကြောက်တတ်ပုံကို အကျဉ်းမျှ ဖော်ပြလိုက်ပါသည်။

၁၊ မှားသွားသည်၊ လွန်သွားသည်၊ မသိရှိခဲ့ပါ၊ မလုပ်တတ်ခဲ့ပါ စသဖြင့် ဝန်ခံရမှာကြောက်သည်။
၂၊ မတရားသိမ်းပိုက်ရယူထားသော အာဏာကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်သည်။
၃၊ မတရားသိမ်းပိုက်ရယူထားသော နိုင်ငံ့ဘဏ္ဍာငွေများ၊ အဂတိလိုက်စားရာမှ ရရှိလာသည့် ငွေကြေးဥစ္စာများ လက်လွှတ်ဆုံးရှုံးရမှာ ကြောက်သည်။
၄၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရမှာ ကြောက်သည်။
၅၊ မြန်မာပြည်သူတို့၌ စစ်မှန်သောဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရသွားမှာကို ကြောက်သည်။
၆၊ ပြည်သူတို့ နိုင်ငံရေးအသိတရား နိုးကြားလာမှာကို ကြောက်သည်။
၇၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာရမည့် လူ့အခွင့်အရေးကိစ္စများကို အစိုးရကိုယ်တိုင်က အသိပညာပေး၊ ကာကွယ်မြှင့်တင်ပေးမှာကို ကြောက်သည်။
၈၊ ယနေ့ခေတ်သစ်တွင် နိုင်ငံတိုင်း၌ အစိုးရမဟုတ်သော အရပ်ဖက်မှ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ပေးနေသူများရှိလာရာ ထိုသူတို့က လူထုအကြား လှုပ်ရှားလာမှာကို ကြောက်သည်။
၉၊ အပတ်စဉ်အင်္ဂါနေ့တိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသမားများအားလုံး မတရားဖမ်းဆီးထိန်းသိမ်းခံနေရခြင်းမှ လွတ်မြောက်လာစေရန် ဆုတောင်းပေးနေသည်များကို ဆုတောင်းပြည့်သွားမှာ၊ အခြားပြည်သူတို့ မြင်သွားမှာ၊ ကြားသွားမှာ၊ အလားတူလုပ်လာမှာကို ကြောက်သည်။
၁၀၊ နိုင်ငံရေးပါတီ ဆိုင်းဘုတ်များ ထောင်ထားသည်ကို လူတွေက ဖတ်မှာ ကြောက်သည်။
၁၁၊ နိုင်ငံရေးပါတီဝင်များ စုဝေး တိုင်ပင် ဟောပြော လှုပ်ရှားမှာကို ကြောက်သည်။
၁၂၊ လူထုပါဝင်သည့် နိုင်ငံရေးလှုပ်ရှားမှုများကို ကြောက်သည်။
၁၃၊ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော ပြည်သူလူထုက လမ်းမပေါ်ထွက် အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှား ဆန္ဒပြလာမှာကို ကြောက်သည်။
၁၄၊ လမ်းမပေါ်မှာ လူတွေစုမှာကြောက်သည်။

၁၅၊ အထွေထွေစားဝတ်နေရေး ကြပ်တည်းသည့်အကြောင်း မည်သူမဆို လူသိရှင်ကြား ထုတ်ဖော်ပြောဆို ရေးသား ဝေဖန် ပြစ်တင်လာမှာကို ကြောက်သည်။

၁၆၊ လူမှုအကျိုးဆောင် စေတနာ့ဝန်ထမ်းတို့၏ သာရေးနာရေးလုပ်ငန်းများကို လူထုက လက်ခံသဘောကျမှာကို ကြောက်သည်။

၁၇၊ သတင်းစာထဲမှာ ဒီမိုကရေစီ အသိုင်းအဝိုင်းက နာရေးကြော်ငြာထည့်လာမှာကို ကြောက်သည်။

၁၈၊ သတင်းစာကြော်ငြာများကို လူထုက ဖတ်ရင်း၊ ဒီဗီဒီ–ဗီဒီယို–တိတ်ခွေသီချင်းများကိုကြည့်ရင်း နားထောင်ရင်း လူထုက လှောင်ပြောင်ရီမောခံရမှာကို ကြောက်သည်။

၁၉၊ စစ်ဗိုလ်စစ်သားက တောချုံအုံကြားမှ တိုင်းရင်းသူများကို မုဒိန်းကျင့်သည့်ကိစ္စ၊ တခါတရံ ကိစ္စပြီးသည်နှင့် အစတုံးသတ်ပစ်သည့်ကိစ္စ၊ စစ်ဆင်ရေးကာလအတွင်း ပေါ်တာဆွဲသည့်ကိစ္စ၊ အမျိုးသမီးများကို စစ်ဗိုလ်တို့က လိင်ဖျော်ဖြေရေးလုပ်ထားသည့်ကိစ္စ၊ ရွာမီးရှို့၊ ပစ္စည်းလု၊ လူသတ်၊ မောင်းထုတ်၊ မိုင်းထောင်၊ ကလေးများကို စစ်တပ်ထဲ ဆွဲသွင်းနေသည့်ကိစ္စများ၊ ဆန့်ကျင်အံတုသည်ဟု သံသယရှိရုံဖြင့် ပြန်ပေးဆွဲလူမိုက်များပမာ ဖမ်းဆီးနှိပ်စက် အစဖျောက်ခြင်း၊ အဓမ္မလုပ်အား ခိုင်းစေခြင်း စသည့် စစ်အစိုးရခေါင်းဆောင်တို့ကိုယ်တိုင်က အစီအစဉ်ရှိရှိ ကျူးလွန်နေသော နှိပ်စက်မှုများကို မြန်မာတနိုင်ငံလုံးနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက သိရှိသွားမှာ ကြောက်သည်။

၂၀၊ ဥပဒေမဲ့ကျူးလွန်ထားသည်များ သက်သေအဖြစ်ပေါ်ထွက်လာ၍ တန်ပြန်အရေးယူခံရမည်ကို ကြောက်သည်။ (ဥပမာ– ဒီပဲယင်း လုပ်ကြံပွဲ မေ ၃၀ ၂၀၀၃)

၂၁၊ အဓမ္မလုပ်အားခိုင်းစေသည့်ကိစ္စများကို နိုင်ငံတကာအလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)ကို သွားတိုင်မှာ ကြောက်သည်။

၂၂၊ အိုင်အယ်လ်အိုက နိုင်ငံတကာအတိုင်းအတာဖြင့် အရေးယူမှာကို ကြောက်သည်။

၂၃၊ အကျဉ်းထောင်များတွင် မတရားအဖမ်းဆီးခံနေရသော နိုင်ငံရေးအကျဉ်းသားများအပေါ် အာဏာပြ ကျူးလွန်နေသည့် လူမဆန်သော ဆက်ဆံမှုများကို နိုင်ငံတကာကြက်ခြေနီအဖွဲ့က ဝင်ရောက်ကြည့်ရှုစစ်ဆေးမှာကို ကြောက်သည်။

၂၄၊ ကုန်ဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုတို့ ပြန်ကျသည်မရှိပဲ တက်ပြီးရင်းတက်နေသည်ကို လူထုကို အသိပေးရမှာ ကြောက်သည်။

၂၅၊ ထို့အတူ တနိုင်ငံလုံး အာဏာပိုင် အသိုင်းအဝိုင်းမိသားစုမှလွဲ၍ ပြည်သူတို့ အကြီးအကျယ် ခံစားဒုက္ခရောက်နေကြရသည့် လျှပ်စစ်မီးပြဿနာ၊ ကျန်းမာရေးလစ်လျူရှုသည့်ပြဿနာ၊ ဘာသာရေးနှိပ်ကွပ်သည့်ပြဿနာ၊ တရားရေးအပါအဝင် အစိုးရလက်အောက်ရှိ ဝန်ထမ်းတို့ အဂတိလိုက်စားသည့်ပြဿနာ အစရှိသော ပြဿနာပေါင်း သောင်းခြောက်ထောင်ကို သတင်းစာ၊ စာနယ်ဇင်းများ၌ ဖော်ပြပေးရမှာ ကြောက်သည်။

၂၆၊ မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုး ထုတ်လုပ်နေသည့်ကိစ္စများ၊ မူးယစ်ဆေးဝါးဂိုဏ်းများအား မသိချင်ယောင်ဆောင်ရ၊ တဖက်လှည့်နှင့် အားပေးနေသည့်ကိစ္စများ အလိမ်ပေါ်သွားမှာကြောက်သည်။

၂၇၊ နိုင်ငံခြားဘဏ်များတွင် လျှို့ဝှက်စာရင်းသွင်းပြီး စုဆောင်းထားသောငွေမဲများ ပြန်လည် သွားရောက် ထုတ်ယူ၍ မရတော့မှာကို ကြောက်သည်။ (ယင်းသည် နအဖစစ်အစိုးရနှင့် အပေါင်းပါတို့အပေါ် စီးပွားရေးပြစ်ဒဏ်ခတ်မှုများနှင့် ဆက်စပ်သည်။)

၂၈၊ ပြည်တွင်းပြည်ပမီဒီယာတို့က ပြည်သူတို့ အမှန်အတိုင်း သိရှိနားလည် ကြိုတင်ပြင်ဆင်နိုင်အောင် အရှိကိုအရှိအတိုင်း ထုတ်ဖော်ရေးသား ဝေဖန်လာမှာကို ကြောက်သည်။

၂၉၊ ပြည်သူတို့က အင်တာနက်ကို လွတ်လပ်စွာ အသုံးပြုလာမှာ၊ ပြည်ပ မြန်မာရေဒီယိုများ နားထောင်လာမှာကို ကြောက်သည်။

၃၀၊ အကျိုးလို၍ ညောင်ရေလောင်းသည့်ပမာ အကူအညီပေးပြီး နိုင်ငံရေးသြဇာလွှမ်းမိုးလိုသော အိမ်နီးချင်း နိုင်ငံကြီးများက ငြိုငြင်မှာကို ကြောက်သည်။

၃၁၊ ဗီတိုအာဏာရှိသော တရုတ်နှင့် ရုရှားက မထောက်ခံတော့မှာ ကြောက်သည်။
၃၂၊ ဥပဒေအထက်တွင် မည်သူမျှ မရှိဆိုသည့်အတိုင်း တရားဥပဒေ စိုးမိုးသွားမှာကို ကြောက်သည်။
(စစ်အစိုးရက ထုတ်ပြန်ထားသည့် ဥပဒေကဲ့သို့ အာဏာတည်သော တချက်လွှတ်အမိန့်များနှင့် လက်ရှိတရားစီရင်ပုံများကိုသာမက ညောင်နှစ်ပင် အမျိုးသားညီလာခံတွင် နအဖက တဖက်သပ် ရေးဆွဲနေသော အခြေခံဥပဒေအတွက် အသေးစိတ်ရမည့် အခြေခံမူများမှ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအပိုင်းများကို လေ့လာလျှင် တွေ့နိုင်သည်။)
၃၃၊ ပြည်ပက မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားနေသူများကို ကြောက်သည်။
၃၄၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေး ကိုင်တွယ်ဖြေရှင်းမှာကို ကြောက်သည်။
၃၅၊ နိုင်ငံတွင် အမြင့်တကာအမြင့်ဆုံး ဖွဲ့စည်းပုံ အခြေခံဥပဒေကို လူထုဆန္ဒနှင့်အညီ လူထုထောက်ခံသူတို့က ရေးဆွဲလာမှာကို ကြောက်သည်။

ဆက်ရေးနေလျှင် လိုရင်းရောက်တော့မည် မဟုတ်ပါ။ ကျန်ရှိနေသည်များကို စာဖတ်သူတို့ကိုယ်တိုင်ပဲ မိမိတို့စိတ်ကူး၊ မိမိတို့ အတွေ့အကြုံများဖြင့် ဖြည့်စွက်လိုက်ကြပါ။

အာဏာရှင်စစ်အစိုးရအနေဖြင့် အာဏာအလွဲသုံးစားလုပ်၍ ပြည်သူလူထုအပေါ် မည်မျှပင် အနိုင်ကျင့် စိုးမိုးချယ်လှယ်နေစေကာမူ ကြောက်သင့်သည့်ကိစ္စကိုတော့ ကြောက်ရပါမည်။ စစ်ခေါင်းဆောင်တို့က မကြောက်သည့်တိုင်အောင် စစ်ခေါင်းဆောင်တို့၏ အမိန့်ကို နာခံနေရသော လက်အောက်ခံ ဝန်ထမ်းများ၊ ပေးကမ်းထောက်ပံ့ခံရသူများနှင့် သူတို့ပူဇော်လှူဒါန်းခံနေရသော သံဃာတော်ကြီးများကမူ သံသရာအရေး၊ ပြည်သူတို့အရေးအတွက် ကြောက်သင့်ပါသည်။ သူတို့နှင့်အတူ တကွ သံသရာဝဋ်ကြွေး မခံစားရအောင်၊ ရဟန်းသံဃာတော်တို့၏ တရားရေအေး တိုက်ကျွေးခြင်း မခံရသည့် ဘဝဆိုးမှ လွတ်အောင်၊ လူထုမေတ္တာတုံးသည့် ပြည်သူ့ချဉ်ဖတ် မဖြစ်ရလေအောင် စဉ်းစား ဆင်ခြင်သင့်ပါပြီ။ အာဏာရှင် ခေါင်းဆောင်တို့က သူတို့နှင့်အတူ တပါတည်း ဆွဲခေါ်သွားတော့မည့် အရေးမှ အတတ်နိုင်ဆုံး ရုန်းထွက်ကြရန် လိုအပ်နေပါပြီ။

ခေတ်သစ် မြန်မာနိုင်ငံသမိုင်း၌ စစ်အာဏာရှင်တို့ အကြောက်သင့်ဆုံး အဓိက ကိစ္စကြီး (၄)ရပ်ရှိနေသည်။

၁၊ ဒီမိုကရေစီ လိုချင်နေသည့် လူထုဆန္ဒကို လစ်လျူရှုသည့် **သမိုင်းတရားခံ** ဖြစ်လာမည့်အရေး၊

၂၊ ၁၉၉၀ မေလ ရွေးကောက်ပွဲ ရလဒ်ကို လစ်လျူရှုသည့် **သမိုင်းတရားခံ** ဖြစ်လာမည့်အရေး၊

၃၊ လူထုနှင့် နိုင်ငံရေးသမားတို့ကို နှိပ်စက်ညှင်းပမ်းသည့် **သမိုင်းတရားခံ** ဖြစ်လာမည့်အရေး၊

၄၊ လူထုနှင့် လူထုထောက်ခံသည့် နိုင်ငံရေးအသိုင်းအဝိုင်းတို့ကို ဖယ်ရှား၍ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို ဇွတ်အတင်း ရေးဆွဲအတည်ပြုသည့် **သမိုင်းတရားခံ** ဖြစ်လာမည့်အရေးတို့ဖြစ်သည်။

အာဏာရှင်တို့က သမိုင်းတရားခံ ဖြစ်မည့်အရေးကို မကြောက်ပါက ထာဝရ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့ဖူးသည့် **ရာဇဝင်တွင် အဆဲခံမည့်သူများ** ဖြစ်သွားပါလိမ့်မည်။

လွင်အောင်စိုး